# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့)(၂၁. ၉. ၂၀၁၆) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခေါ်) ဦးညီလေးချမ်းပဲ ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

## ရှမ်းပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာ

### နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ ဇယား၂ အပိုဒ်၄(ခ)၌ ဖော်ပြပါရှိသည့် လုပ်ပိုင်ခွင့် အရတင်သွင်းလာသည့် ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ) (၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာပါသဖြင့် နည်းဥပဒေ၆၅ နှင့်အညီ ကော်မတီအစည်းအဝေး ၁၇-၉-၂၀၁၆ရက်နေ့၌ စိစစ်သုံးသပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဤပြင်ဆင်ရန် အကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါသည်။

### လေ့လာတွေ့ရှိချက်

ဥပဒေပေါ်မှာ လေ့လာတွေ့ရှိချက်ကို တင်ပြရမယ်ဆိုလျှင် ဤဥပဒေမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား ၂ ၏ ညွှန်ပြချက်နှင့် အညီ တည်ဆဲဥပဒေများဖြစ်သည့် ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံဆား

လုပ်ငန်းအက်ဥပဒေ၊ ၁၉၉၂ ခုနှစ်တွင် ဆားလုပ်ငန်း ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၉၂ခုနှစ် ဆားလုပ်ငန်းဥပဒေအရ ၁၉၁၇ခုနှစ် ဆားလုပ်ငန်းအက်ဥပဒေကို ပယ်ဖျက်ခဲ့ပါသည်။ ၁၉၉၂ခုနှစ် ဆားလုပ်ငန်းဥပဒေမှာ ပြည်ထောင်စု ဥပဒေအဖြစ် အာဏာတည်လျက် ရှိပါသည်။ ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေကြမ်းမှာ ၁၉၉၂ခုနှစ် ဥပဒေပြဋ္ဌာန်းချက်များကို ကိုးကား၍ ပြုစုရေးဆွဲထားသော ဥပဒေဖြစ်သည်ကိုတွေ့ရှိရ ပါသည်။ သစ်တော ပြုန်းတီးမှုမရှိစေဘဲ ဆားနှင့် ဆားထွက် ပစ္စည်းကို ထုတ်လုပ်နိုင်စေရန် အရည်အသွေးကောင်းမွန်သောဆားနှင့် ဆားထွက် ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးပံ့ပိုး ကူညီရန်၊ ဆားနှင့်ဆားထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင် များသို့ နည်းပညာများ ဖြန့်ဖြူးပေးရန် ရည်ရွယ်၍ ပြဋ္ဌာန်းနိုင်ရေးတင်ပြခြင်း ဖြစ်သည်ကို လေ့လာ တွေ့ရှိရပါသည်။

ဥပဒေနှင့် ပတ်သက်ပြီး အကြံပြုချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခန်း(၁)၊ပုဒ်မ ၁(ခ) ဤဥပဒေသည် အတည်ပြု ပြဋ္ဌာန်းသည့်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည် စကားရပ်အစား ဤဥပဒေသည် “ရှမ်းပြည်နယ်အစိုးရက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်ဒေသများတွင်သာ အာဏာသက်ရောက်စေရမည်” ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြရပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြင်ဆင်ချက်ဇယားမှာ ပါရှိသည့်အတိုင်း တစ်ချက်ချင်းလွှတ်တော်ရဲ့ သဘောထားကို ကျွန်တော်တို့ ရယူသွားမှာဖြစ်ပါတယ်။ အမှတ်စဉ်(၁)မှာရှိသည့် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက် နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ပြင်ဆင်ချက်(၁) ကန့်ကွက်ဖို့ မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဥပဒေပြု ရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူသည့်အတွက် ဤအချက်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အခန်း (၁)၊ပုဒ်မ ၂(ဈ) ဆားဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်းအိုင်၊ စိမ့်စမ်း၊ ကန်ရေ၊ တွင်းရေ နှင့် သဲမြေ တို့ကို အသုံးပြုပြီး ထုတ်ယူရရှိသော ဆား၊ ဆိုဒီယမ်ကလိုရိုဒ်ကိုဆိုသည် စကားရပ်အစား ဆားဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်းအိုင်၊ စိမ့်စမ်း၊ ကန်ရေ၊ တွင်းရေနှင့် သဲမြေတို့ကို အသုံးပြုပြီး ထုတ်ယူရရှိသောဆား "ယင်းစကားရပ်တွင် သဘာဝအလျောက် မြေပေါ်မြေအောက်တွင် ဖြစ်ပေါ် တည်ရှိသော ဆိုဒီယမ်ကလိုရိုဒ် လည်းပါဝင်သည်" ဟူသော စကားရပ်ကို တစ်ဆက်တည်း ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၂)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** သဘောတူ ပါတယ် ခင်ဗျား ။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤပြင်ဆင်ချက်ကို ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော် ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၃)၊ ပုဒ်မ၅ အစိုးရအဖွဲ့ သည် ပုဒ်မ၄အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သော စကားရပ်အစား အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသောကော်မတီကို ဝန်ကြီး၏ တင်ပြချက် ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်၊ "သက်တမ်း သတ်မှတ်နိုင်သည်"ဟုဖြည့်စွက် ဖော်ပြသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ် (၃)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီး၏ သဘောထား ပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** သဘောတူပါတယ် ခင်ဗျား ။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၆(င) လိုင်စင် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ လိုင်စင် သက်တမ်း သတ်မှတ်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း စကားရပ်အစား လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ လိုင်စင်သက်တမ်းသတ်မှတ်ခြင်း၊ လိုင်စင် သက်တမ်းတိုးခြင်း၊" လိုင်စင်ပယ်ဖျက်ခြင်း" ဟုဖြည့်စွက်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ် (၄)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီး၏ သဘောထား ကိုပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** သဘောတူပါတယ် ခင်ဗျား

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါ သလား။ လွှတ်တော် ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ၄င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၆ တွင် ဖြည့်စွက်ခြင်း ပုဒ်မခွဲ(ဋ)အဖြစ် " ထုတ်လုပ်သော ဆားများကို စားသုံးရန် သင့်၊ မသင့် စစ်ဆေး စေခြင်း" ဟု ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ် (၅)နှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီး၏ သဘောထားပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ဤအမှတ်စဉ်မှာ ကန့်ကွက်ရန် မရှိပါဘူး။

**ဥက္ကဋ္ဌ။** ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာ ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၆)၊ ပုဒ်မ ၁၃(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဆားလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည် စကားရပ်အစား လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဆားလုပ်ငန်းဦးစီး ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်၊ "စည်းကမ်းချက်နှင့် အခွန်အခများကိုလည်း လိုက်နာဆောင်ရွက်ရမည်"ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြရပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ် (၆)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သက်ဆိုင်ရာဝန်ကြီး၏ သဘောထား ပြောပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ပြင်ဆင်ချက်ကို ကန့်ကွက်ရန်မရှိပါ။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်ကို ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာ ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၆)၊ ပုဒ်မ ၁၄(ဃ) ဆားထုတ်မြေကို ဥပဒေနှင့်အညီ အမွေဆက်ခံခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း စကားရပ်အစား ဆားထုတ်မြေကို "တည်ဆဲဥပဒေများ"နှင့်အညီ အမွေဆက်ခံခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းဟုဖြည့်စွက် ပြင်ဆင်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများအား တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ အမှတ်စဉ် (၇)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ဝန်ကြီး၏ သဘောထားကိုတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ပြင်ဆင်ချက်ကို ကန့်ကွက်ရန် မရှိပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ၄င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၇)၊ ပုဒ်မ ၁၆ တွင် ဖြည့်စွက်ခြင်း ပုဒ်မခွဲ (ဆ) အဖြစ် "ကော်မတီက ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း" ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ အမှတ်စဉ် (၈)ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး၏ သဘောထား တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ပြင်ဆင်ချက်ကို သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန် ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၈)၊ ပုဒ်မ ၁၇ ကော်မတီသည် ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အား ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်နိုင်သည် စကားရပ်အစား ကော်မတီသည် ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ "စည်းကမ်းချက်" တစ်ရပ်ရပ်အား ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အောက်ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်

ချမှတ်နိုင်သည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ် (၉)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်း ၍ သက်ဆိုင်ရာ ဝန်ကြီး၏ သဘောထား တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ပြင်ဆင်ချက်ကိုကန့်ကွက်ရန် မရှိပါ။

**ဥက္ကဋ္ဌ။** ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည်အတည် ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၁)၊ ပုဒ်မ ၂၄ တွင် မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်အား ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ်(၃)လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀/-(ကျပ်သုံးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် စကားရပ်အစား မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား (၃)လထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ် ၃၀၀၀၀၀/- (ကျပ်သုံးသိန်း) ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်”ဟုပြင်ဆင်သင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၀)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်း ပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး၏ သဘောထားကို တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ပြင်ဆင်ချက်(၁၀)လည်း ကန့်ကွက်ရန် မရှိပါ။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန် ရှိပါသလားခင်ဗျား၊ လွှတ်တော် ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက် သည်အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒီနေရာမှာ ကျွန်တော် အနည်းငယ် တင်ပြချင်တာက သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက တင်ပြထားတာ တစ်ခုရှိပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၏တင်ပြချက်မှာ အခန်း(၁၁)ပုဒ်မ ၂၄တွင် မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၃)လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ိ/-(ကျပ်သုံးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် စကားရပ်အစား "ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ကျပ် ၁၀၀၀၀၀ိ/-(ကျပ်တစ်သိန်း)ထက်မပိုသော ငွေဒဏ်ဖြစ်စေဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဟု ပြင်ဆင်ရန်အဆိုပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားတဲ့ (၃)လထက်မပိုသော ထောင်ဒဏ်ကို ဖြစ်စေ၊ ကျပ် ၃၀၀၀၀၀ိ/- (ကျပ်သုံးသိန်း)ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည် ဆိုသည့် အပိုဒ်နှင့် ပတ်သက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက ၄င်းအစား ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ကျပ် ၁၀၀၀၀၀ိ/-(ကျပ်တစ်သိန်း) ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ ပြင်ထားတဲ့အချက်၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်ထားတဲ့အချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးက ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကျွန်တော်တို့အနေနဲ့ မူလကတည်းက သက်ဆိုင်ရာဦးစီး ဆားလုပ်ငန်းဌာနမှ ပညာရှင်မှ အကြံပြုထားတာဖြစ်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီကလည်း သဘောတူပြီး ဖြစ်သည့်အတွက် ကျွန်တော့အနေဖြင့် စောစောက ဆွေးနွေးခဲ့သည့် (၃)လထက်မပိုသော ထောင်ဒဏ်ကို ဖြစ်စေ၊ ကျပ် ၃၀၀၀၀ိ/-(ကျပ်သုံးသိန်း) ထက်မပိုသော ငွေဒဏ်ကို ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေချမှတ်ရမည်ဟု အတည်ပြုချင်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ဒေါ်နန်းစမ်းစမ်းအေးရဲ့ အဆိုဖြစ်သည့် ထောင်ဒဏ် (၁)လ၊ ငွေဒဏ်(၁)သိန်းသည် ဥပဒေထဲတွင် အကျုံးဝင်သည့်အတွက် ဒီအတိုင်းပဲထားချင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များမှ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက် အတိုင်း ကန့်ကွက်ရန် မရှိသည့်အတွက် ၄င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၁)၊ ပုဒ်မ ၂၅ တွင် တရားရုံးသည် ပုဒ်မ ၂၄ အရ ချမှတ်သည့် ဒဏ်ငွေ အား ဆားလုပ်ငန်းဦးစီးဌာနသို့ ပေးသွင်းစေရန် အမိန့်ချမှတ်ရမည် စကားရပ်အစား တရားရုံးသည် ပုဒ်မ ၂၄အရ ချမှတ်သည့် ဒဏ်ငွေ အား ဆားလုပ်ငန်းဦးစီးဌာနသို့ ပေးသွင်းစေရန် အမိန့်ချမှတ် "နိုင်သည်"ဟု ပြင်ဆင်သင့်ပါကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ် ပါတယ် ။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အမှတ်စဉ် (၁၁)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ပြင်ဆင်ချက် (၁၁)ကန့်ကွက်ရန် မရှိပါ။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိ ပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက် သည်အတည် ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၂)၊ ပုဒ်မ ၂၉ တွင် ဆားလုပ်ငန်းဦးစီးဌာနမှူးသည် လိုင်စင်ခကြွေးကျန်များ၊ ဒဏ်ကြေးငွေများအား မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရ မည်စကားရပ်အစား ပုဒ်မ ၂၉(က)ပြဋ္ဌာန်းရန် အဖြစ် ဆားလုပ်ငန်း ဦးစီးဌာနမှူးသည် လိုင်စင်ခကြွေးကျန်များ၊ ဒဏ်ကြေးငွေများအား မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့ သို့ အရကောက်ခံရမည်။ ပုဒ်မ ၂၉(ခ)အဖြစ် ပုဒ်မခွဲ(က)ပါ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ္တော် အရာရှိ၏ လုပ်ပိုင်ခွင့်များ ကိုကျင့်သုံး ဆောင်ရွက်နိုင်သည်

ဟုဖြည့်စွက် ပြင်ဆင်သင့်ပါကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ် (၁၂)ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်း ပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ သဘောထား တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ပြင်ဆင်ချက်(၁၂)ကန့်ကွက်ရန် မရှိပါ။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည်အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်အရဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ ၁၃-၇-၂၀၁၆ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ(မူကြမ်း)တစ်ခုလုံးအား ပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** တတိယပုံမှန် အစည်းအဝေး တတိယနေ့မှာ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်များဖြင့် တစ်ပိုဒ်ချင်းအတည်ပြုထားသည့် ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ(မူကြမ်း)ကို အတည်ပြုပေးဖို့ လွှတ်တော်ကိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ၁၂-၇-၂၀၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့

မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ(မူကြမ်း)အား လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူတဲ့အတွက် ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ(မူကြမ်း)အား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။